# (၁၂-၃-၂၀၂၁)မှ (၁၈-၃-၂၀၂၁) အထိ သကြားပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

၁။ ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြား ဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် (၁-၂-၂၀၂၁) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၄၅၄.၀၅) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၁၆-၃-၂၀၂၁) ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၅၅.၈၀) ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 16-Mar-21 | 15.98 cts/lb | 16.06 cts/lb | 455.80 $/T | 20.67 cts/lb |
| 15-Mar-21 | 15.83 cts/lb | 16.14 cts/lb | 452.40 $/T | 20.52 cts/lb |
| 12-Mar-21 | 15.83 cts/lb | 16.26 cts/lb | 453.05 $/T | 20.55 cts/lb |
| 11-Mar-21 | 16.00 cts/lb | 16.34 cts/lb | 456.65 $/T | 20.71 cts/lb |
| 10-Mar-21 | 15.64 cts/lb | 16.38 cts/lb | 446.75 $/T | 20.26 cts/lb |
| 9-Mar-21 | 15.55 cts/lb | 16.42 cts/lb | 445.95 $/T | 20.23 cts/lb |
| 8-Mar-21 | 15.83 cts/lb | 16.45 cts/lb | 452.30 $/T | 20.52 cts/lb |
| 5-Mar-21 | 15.97 cts/lb | 16.45 cts/lb | 455.65 $/T | 20.67 cts/lb |
| 4-Mar-21 | 15.83 cts/lb | 16.43 cts/lb | 453.80 $/T | 20.58 cts/lb |
| 3-Mar-21 | 15.74 cts/lb | 16.44 cts/lb | 450.50 $/T | 20.43 cts/lb |
| 2-Mar-21 | 15.96 cts/lb | 16.45 cts/lb | 457.75 $/T | 20.76 cts/lb |
| 1-Mar-21 | 15.82 cts/lb | 16.44 cts/lb | 450.75 $/T | 20.45 cts/lb |
| 26-Feb-21 | 16.61 cts/lb | 16.43 cts/lb | 448.05 $/T | 20.32 cts/lb |
| 25-Feb-21 | 16.97 cts/lb | 16.37 cts/lb | 460.50 $/T | 20.89 cts/lb |
| 24-Feb-21 | 17.27 cts/lb | 16.26 cts/lb | 471.55 $/T | 21.39 cts/lb |
| 23-Feb-21 | 17.25 cts/lb | 16.13 cts/lb | 469.10 $/T | 21.28 cts/lb |
| 22-Feb-21 | 17.63 cts/lb | 16.01 cts/lb | 478.40 $/T | 21.70 cts/lb |
| 19-Feb-21 | 16.97 cts/lb | 15.87 cts/lb | 471.50 $/T | 21.39 cts/lb |
| 18-Feb-21 | 16.67 cts/lb | 15.75 cts/lb | 463.45 $/T | 21.02 cts/lb |
| 17-Feb-21 | 16.20 cts/lb | 15.64 cts/lb | 453.65 $/T | 20.58 cts/lb |
| 16-Feb-21 | 16.01 cts/lb | 15.57 cts/lb | 446.95 $/T | 20.27 cts/lb |
| 15-Feb-21 | 15.87 cts/lb | 15.51 cts/lb | 446.45 $/T | 20.25 cts/lb |
| 12-Feb-21 | 15.72 cts/lb | 15.46 cts/lb | 442.85 $/T | 20.09 cts/lb |
| 11-Feb-21 | 15.86 cts/lb | 15.43 cts/lb | 463.00 $/T | 21.00 cts/lb |
| 10-Feb-21 | 15.93 cts/lb | 15.39 cts/lb | 468.80 $/T | 21.26 cts/lb |
| 9-Feb-21 | 15.80 cts/lb | 15.37 cts/lb | 465.00 $/T | 21.09 cts/lb |
| 8-Feb-21 | 15.65 cts/lb | 15.33 cts/lb | 462.00 $/T | 20.96 cts/lb |
| 5-Feb-21 | 15.74 cts/lb | 15.33 cts/lb | 464.10 $/T | 21.05 cts/lb |
| 4-Feb-21 | 15.39 cts/lb | 15.32 cts/lb | 455.05 $/T | 20.64 cts/lb |
| 3-Feb-21 | 15.31 cts/lb | 15.35 cts/lb | 452.20 $/T | 20.51 cts/lb |
| 2-Feb-21 | 15.47 cts/lb | 15.33 cts/lb | 453.20 $/T | 20.56 cts/lb |
| 1-Feb-21 | 15.42 cts/lb | 15.29 cts/lb | 454.05 $/T | 20.60 cts/lb |

၂။ ၂၀၂၁ ခုနှစ်၊ မတ်လ ဒုတိယပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြားဈေးနှုန်းမှာ (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၄၄) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၃၂၆) ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ(၅၈၇-၅၉၆) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၄၄၃-၅၃၂) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန် နိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ မြင့်တက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ၂၀၂၁ ခုနှစ်၊ မတ်လ ဒုတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြား (၁) တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ (၃၄၁) ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြား (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၄၄) ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် (၁) တန်ပေါ်တွင် အမေရိကန်ဒေါ်လာ (၅၀၃) ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ်၊ မြဝတီမြို့တွင် သကြား (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၅၃၂) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၅၅၈) ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

၄။ ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာလျှင် (၁၉၀၀) ကျပ်နှင့် ရန်ကုန်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၈၀၀) ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ထားဝယ်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၁၀၀) ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

၅။ Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၁ ခုနှစ်၊ မတ်လ ဒုတိယပတ်တွင် ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၀.၁၉ % ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။